# မြန်မာနိုင်ငံ | BURMA

TIER 1 | USCIRF-RECOMMENDED COUNTRY OF PARTICULAR CONCERN (CPC)

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှုကော်မရှင် (USCIRF) သည် နိုင်ငံရေးပါတီနှစ်ရပ်ပါဝင်လျက် သီးခြားရပ်တည်နေသော အမေရိကန်ပြည်ထောင်စု ကော်မရှင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် ပြည်ပနိုင်ငံများ၍ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို စောင့်ကြပ်ကြည့်ရှုသည့် နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အက်ဥပဒေ (IRFA) အရ တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ USCIRF သည် ပြည်ပတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် ချိုးဖောက်မှုများကို နိုင်ငံတကာအဆင့်အတန်းများအသုံးပြုလျက် စောင့်ကြပ်ကြည့်ရှုပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံခြားရေး ဝန်ကြီးနှင့် အထက်လွှတ်တော်တို့ကို မူဝါဒရေးရာအကြံပြုချက်များပေးပါသည်။ (USCIRF) သည် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သီးခြားရပ်တည်လျက် ကွဲပြားသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာသည် နယ်မြေဒေသရှိ မတရားဖိနှိပ်မှုများကို မှတ်တမ်းတင်ထားရန်နှင့် အမေရိကန်အစိုးရထံ မူဝါဒရေးရာ သီးခြားအကြံပြုချက်များပေးရန် မဟာမင်းကြီးများနှင့်ကျွမ်းကျင်သူပညာရှင်ဝန်ထမ်းများ၏ တစ်နှစ်စာအလုပ်၏ အထွတ်အထိပ်ပင်ဖြစ်ပါသည်။ ၂၀၁၇ နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အကြောင်းအရာများ ဖော်ပြထားပါသည်။ သို့ရာတွင် ၎င်းကာလနောက်ပိုင်းတွင်ပေါ် ပေါက်သည့် အရေးပါသော အဖြစ်အပျက်အချို့ကိုလည်း ဖော်ပြထားပါသည်။ USCIRF အကြောင်း အချက်အလက်များ ထပ်မံရယူရန် [ဤနေရာ] ရှိ ဝက်ဆိုက်တွင်ကြည့်ပါ။ သို့မဟုတ် 202-786-0611 ရှိ USCIRF ကို တိုက်ရိုက် ဆက်သွယ်ပါ။

## မြန်မာနိုင်ငံ

**အဓိကတွေ့ရှိချက်များ။ ။** ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲ ငြိမ်းချမ်းစွာပေါ် ပေါက်ခဲ့ကြောင်း သမိုင်းဝင်မှတ်ကျောက်တင်ခဲ့ပါသည်။ နိုင်ငံရေးအကူးအပြောင်းကို ပြဿနာမရှိဆောင်ရွက်နိုင်ခဲ့သော်လည်း ရိုဟင်ဂျာ မွတ်စလင်များနှင့်အတူ ဘာသာရေးလူနည်းစုများ၊ တိုင်းရင်းသားလူနည်းစုများအတွက်မူ ၎င်းနှစ်အတွင်း အခြေအနေများ ဆက်လက်ယိုယွင်းခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသားဒေသအချို့ရှိ တိုက်ပွဲသစ်များ၊ တဖန်ပြန်လည်တိုက်ခိုက်မှုများက မြန်မာနိုင်ငံ၏ အရပ်ဘက်အာဏာရခေါင်းဆောင်များနှင့် အာဏာကြီးမားသောဝန်ကြီးဌာနသုံးခုနှင့် ကြီးမားသောစီးပွားရေး အစိတ်အပိုင်းများကိုချုပ်ကိုင်ထားသည့်တပ်မတော်ကြား ကွဲပြားမှုကို မီးမောင်းထိုးပြခဲ့ပါသည်။ ဘာသာရေးနှင့် တိုင်းရင်းသားအုပ်စုများအပေါ် မတရားအနိုင်အထက်ပြုလုပ်ခြင်း အခြေအနေများနှင့်အကြောင်းရင်းများ ခြားနားသော်လည်း - ၁) နိုင်ငံတော်အစိုးရနှင့် မသက်ဆိုင်သူအချို့ သို့မဟုတ် အဖွဲ့အစည်းအချို့နှင့် တပ်မတော်တို့မှ ညှဉ်းပန်း နှိပ်စက်မှုများ၊ ပြစ်ဒဏ်ခံရခြင်းမရှိဘဲ ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေမှုနှင့် ၂ ) အိုးအိမ်ဆုံးရှုံးသူများ၊ မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် / သို့မဟုတ် တိုင်းရင်းသားဖြစ်မှုကြောင့် ပစ်မှတ်ထားခံရသူများအတွက် ရင်ဆိုင်ရသည့် လူသားချင်းစာနာထောက်ထားမှု ပြဿနာအတိမ်အနက်တို့မှာ တူညီကြပါသည်။ အစိုးရရော လူမှုအသိုင်းအဝိုင်းကပါ ခွဲခြားဆက်ဆံသည့်အတွက် လောလောဆယ် အိုးအိမ်ပျောက်ဆုံးနေသည့် သောင်းပေါင်းများစွာသော ရိုဟင်ဂျာ မွတ်စလင်များသည် နိုင်ငံမဲ့နေကာ အားနည်းနေပါသည်။ ထို့အပြင် ခရစ်ယာန်များစွာတို့သည် လူသိရှင်ကြားဝတ်ပြုမှု မပြုရန်တားမြစ်ခံရပြီး ဗုဒ္ဓဘာသာသို့ အဓမ္မကူးပြောင်းစေခိုင်းခံနေရပါသည်။ အမျိုးသားဒီမိုကရေစီဌာနချုပ် (NLD) အစိုးရမှ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အပေါ် ကမ်းကုန်စွာ စနစ်တကျချိုးဖောက်မှုများကို ယခုထိ ဆက်လက် ပေါ်ပေါက်ရန် ခွင့်ပြုထားသည့်အတွက် နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှုအက်ဥပဒေ (IRFA) အရ USCIRF သည် မြန်မာနိုင်ငံကို "အထူး စိုးရိမ်ဖွယ်ရာနိုင်ငံ" သို့မဟုတ် CPC ဟု ထပ်မံသတ်မှတ်ထိုက်ကြောင်း တွေ့ရှိပါသည်။ နိုင်ငံခြားရေး ဌာနသည် မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှ စ၍ CPC အဖြစ်သတ်မှတ်ခဲ့သည်မှာ နောက်ဆုံးအကြိမ် ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ ဖြစ်ပါသည်။ အစိုးရနှင့် သက်ဆိုင်ခြင်းမရှိသော မဘသနှင့် အခြားသော အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူများနှင့်အုပ်စုများသည် (ဖရန့်ဝုဖ် နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အက်ဥပဒေ) Frank Wolf

International Religious Freedom Act (P.L. 114-281) အရ “အထူးစိုးရိမ်ဖွယ်ရာကောင်းသည့်အရာ” ဟူသည့် အမိပ္ပါယ်သတ်မှတ်ချက်နှင့် ကိုက်ညီခြင်းမရှိသော်လည်း ၄င်းတို့သည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ၄င်းနှင့် သက်ဆိုင်သည့်လူ့အခွင့်အရေးစသည်တို့အပေါ် ပြင်းထန်စွာချိုးဖောက်မှုများကြောင့် နိုင်ငံတကာမှ ဆက်လက်၍ စေ့စပ် သေချာစွာ စိစစ်ထိုက်ပါသည်။

## အမေရိကန်ပြည်ထောင်စုအစိုးရထံ အကြံပြုချက်များ

- IRFA အရ မြန်မာနိုင်ငံအား CPC အဖြစ်ဆက်လက်သတ်မှတ်ရန်၊

- IRFA ၏ ပုဒ်မ ၄၀၅(ဂ) အရ တရားဝင်တာဝန်ခံစေသည့် သဘောတူညီချက်တစ်ရပ် မြန်မာအစိုးရနှင့်ချုပ်ဆိုပြီး ၄င်းစာချုပ်တွင် ဘာသာရေးလွတ်လပ်မှုပိုမိုကောင်းမွန်ရေးအားပေးသည့် အရေးပါသောပြုပြင်ပြောင်းလဲမှုများ မွေးမြူပေးကာ မြန်မာနိုင်ငံအား အဆုံးတွင် CPC စာရင်းမှဖယ်ရှားသည့်လမ်းကြောင်းသို့ ပို့ဆောင်နိုင်သော နှစ်ဖက်သဘောတူတာဝန်ခံမှုများချမှတ်ရန်နှင့် ၄င်းတာဝန်ခံမှုများတွင် အောက်ပါတို့အပြင် အခြားတာဝန်များ လည်း ထည့်သွင်းရန် -
    - အကြမ်းဖက်မှုကျူးလွန်သူများ သို့မဟုတ် လှုံ့ဆော်သူများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ အပါအဝင် အကြမ်းဖက်မှုနှင့် ဘာသာရေးလူနည်းစုနှင့် တိုင်းရင်းသားလူနည်းစုတို့အပေါ် ခွဲခြားဆက်ဆံ သည့်မူဝါဒများအဆုံးသတ်ရေးအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သောခြေလှမ်းများဆောင်ရွက်ရန်နှင့်
    - လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုဆိုင်ရာ နိုင်ငံတကာအဆင့်အတန်းများနှင့် ကိုက်ညီခြင်းမရှိသည့် ကန့်သတ်ချက်အားလုံး ဖယ်ရှားရန်၊

- မြန်မာနိုင်ငံအစိုးရမှ လူသားချင်းစာနာမှုလုပ်သားများနှင့်အထောက်အပံ့များ၊ နိုင်ငံတကာလူ့အခွင့်အရေး စောင့်ကြပ်ကြည့်ရှုသူများနှင့် တစ်သီးပုဂ္ဂလမီဒီယာသမားများအား ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အိုးအိမ်ဆုံးရှုံးနေသူများ၊ သက်ရောက်ခံရသူပြည်သူများနေထိုင်ရာအခြားနေရာများ အပါအဝင် ပဋိပက္ခဖြစ်နေသည့်နေရာများသို့ အတားအဆီးမဲ့ တသမတ်တည်းသွားရောက်ခွင့်ပြုရန်၊ အမေရိကန် ပြည်ထောင်စုထံမှ ပံ့ပိုးမှုများကို ၄င်းဆောင်ရွက်ချက်များရှိရာသို့ သင့်လျော်သည့်အတိုင်းတိုက်ရိုက်ခွင့်ပြုရန်၊

- ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဋိပက္ခဖြစ်နေသည့်အခြားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပေါ်ပေါက်နေရခြင်းအကြောင်းရင်းများနှင့် ပေါ်ပေါက်နေသည်ဟုစွပ်စွဲချက်များကို စုံစမ်းစစ်ဆေး ရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင် သို့မဟုတ် အလားတူသီးခြားအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေး အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ကြိုးပမ်းချက်များကို ကုလသမဂ္ဂ၌အပါအဝင် ပံ့ပိုးပေးရန်နှင့် အထူးသဖြင့် ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ပြည်သူများအပေါ် အကြမ်းဖက်မှု ကျူးလွန်ခြင်း၊ ထိုသို့ကျူးလွန်ရန်လှုံ့ဆော်ပေးခြင်းများအတွက် တပ်မတော်အဖွဲ့ဝင်များ၊ ဥပဒေကြိုးကြပ်ရေး အဖွဲ့ဝင်များအပါအဝင် တာဝန်ရှိသူများကို တာဝန်ခံစေခြင်းများပြုလုပ်ရန်၊

- နိုင်ငံတကာ ပြည်သူ့ရပိုင်ခွင့်များနှင့်နိုင်ငံရေးရပိုင်ခွင့်များဆိုင်ရာ ပဋိညာဉ်စာချုပ်ချုပ်ဆိုရေးအတွက် မြန်မာနိုင်ငံအစိုးရကို အားပေးတိုက်တွန်းရန်၊

- ဘာသာအမျိုးမျိုးကိုးကွယ်သူများအကြား နားလည်မှုရှိရန်အားပေးပြီး နိုင်ငံရေးတိုးတက်မှုနှင့်အတူ ဘာသာရေးဆိုင်ရာသည်းခံမှုနှင့် ဘာသာရေးလွတ်လပ်မှုတို့ တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ချက်များ၏ အရေးပါပုံကို သဘောပေါက်စေရန်ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံအစိုးရ၊ ဗုဒ္ဓဘာသာအသိုင်းအဝိုင်း (အထူးသဖြင့် ဗုဒ္ဓဘာသာခေါင်းဆောင်များ)၊ (ရိုဟင်ဂျာမွတ်စလင်များနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများ အပါအဝင်) ဘာသာရေးလူနည်းစုများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလွတ်လပ်မှု၊ သည်းခံမှု၊ အများပါဝင်စေမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ပံ့ပိုးပေးသော အခြားသူများကို ကူညီပြီး ပူးပေါင်းဆောင်ရွက်ရန်၊

- ရိုဟင်ဂျာမူဆလင်အသိုင်းအဝိုင်းမှ ၎င်းတို့ရွေးချယ်ထားသည့်အတိုင်း ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ပိုင်ခွင့်ကို လေးစားသည့်အနေဖြင့် လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းသုံးရန်၊

- ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအား ပြန်လည်သုံးသပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ဖြင့်ဖြစ်စေ၊ အခြားနည်းများဖြင့်ဖြစ်စေ ရိုဟင်ဂျာလူဦးရေအတွက် နိုင်ငံသားဖြစ်ရေးအပါအဝင် ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် ပေးထားသည့် အကာအကွယ်များ ပိုမိုခိုင်မာစေသည့် အရေးပါသော ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုနှင့် ဥပဒေပြုမှုပြုပြင်ပြောင်းလဲမှုများကို အားပေးတိုက်တွန်းကာ ဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရေး၊ ကြီးကြပ်ရေး၊ အဓိပ္ပါယ် ကောက်ယူရေးတာဝန်များရှိသည့် ဒေသခံအစိုးရအရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများ၊ ရဲနှင့်လုံခြုံရေးတပ်ဖွဲ့များအား သင့်တော်သည့်သင်တန်းပေးရေးတွင် ပံ့ပိုးပေးရန်၊

- ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများနှင့်ထိန်းသိမ်းခံနေရသူများ သို့မဟုတ် တရားရင်ဆိုင်ရန်စောင့်နေသူများအား အကန့်အသတ်မရှိလွှတ်ပေးရန် အမြင့်ဆုံးဆင့်တွင်ဖိအားပေးပြီး ဆောင်ရွက်ချက်ပေးရန်နှင့် အကျဉ်းသားများအား လူသားဆန်စွာဆက်ဆံပြီး ၎င်းတို့၏မိသားစု၊ လူ့အခွင့်အရေး စောင့်ကြပ်ကြည့်ရှုသူများ၊ ရှေ့နေများတို့နှင့်တွေ့ခွင့်ပေးပြီး လုံလောက်သည့် ကျန်းမာရေးကုသမှုပေးရန်နှင့် ၎င်းအား မိမိတို့၏ယုံကြည်ကိုးကွယ်မှုကို ကျင့်သုံးခွင့်ပြုရေးတွက် မြန်မာအစိုးရအပေါ် ဖိအားပေးရန်နှင့်

- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အထူးကြီးလေးစွာချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများဟုဖော်ထုတ်ထားသော အရာရှိများ၊ အဖွဲ့အစည်းများနှင့် စစ်တပ်များအတိအကျကို ဘဏ္ဍာရေးဌာန၏ နိုင်ငံခြားရှိပိုင်ဆိုင်မှုများထိန်းချုပ်ရေးရုံးမှထားရှိသည့် "အထူးသတ်မှတ်ထားသော နိုင်ငံသားများ" စာရင်းတွင် အမည်ထည့်သွင်းခြင်း၊ IRFA ၏ပုဒ်မ ၆၀၄(က) နှင့် (ကမ္ဘာလုံးဆိုင်ရာ မဂ်နစ်စကီး လူ့အခွင့်အရေးတာဝန်ယူမှုအက်ဥပဒေ) Global Magnitsky Human Rights Accountability Act တို့အရ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းနှင့် (ကမ္ဘာလုံးဆိုင်ရာ မဂ်နစ်စကီးအက်ဥပဒေ) Global Magnitsky Act အရ ပိုင်ဆိုင်မှုများပိတ်ပင်ခြင်းကဲ့သို့ ပစ်မှတ်ထားအရေးယူချက်များ ဆောင်ရွက်ရန်။

**နောက်ခံသမိုင်း**

တပ်မတော်၏ရက်စက်သောသွေးခွဲအုပ်ချုပ်နည်းများကြောင့် နက်ရှိုင်းသည့်လူမှုရေးကွာဟမှုများ လှုံ့ဆော်ပေးပြီးနောက် ဆယ်စုနှစ်များအကြာတွင် NLD အစိုးရသစ်သည် ယခင်အစိုးရထံမှ အများအပြားအမွေဆက်ခံခဲ့ရသော ဘာသာရေးနှင့် တိုင်းရင်းသားရေးရာ အခက်အခဲများစွာနှင့်ရင်ဆိုင်နေရပြီး ၎င်းအစိုးရလက်အောက်တွင် မြန်မာနိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှုတို့ကို ရရန်အခက်အခဲရှိနေပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် အများပြည်သူမှ သူမအပေါ် ထားရှိသည့် ကြီးမားသည့်မျှော်လင့်ချက်များနှင့်ရင်ဆိုင်နေရသော နိုဘဲလ်ဆုရှင်တစ်ဦးဖြစ်သူ နိုင်ငံတော် အကြံပေးပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏အနီးကပ်မဟာမိတ် သမ္မတဦးထင်ကျော်တို့၏ ညွှန်ကြားချက်အရ

အစိုးရသစ်မှ အာဏာရယူခဲ့ပါသည်။ ထိုအချိန်မှစ၍ NLD သည် တာရှည်ခံသည့်ငြိမ်းချမ်းရေးကို ၂၁ ရာစု ပင်လုံညီလာခံမှ တဆင့် တည်ဆောက်ရန်ကြိုးပမ်းနေစဉ် အမျိုးသားစိတ်ဓာတ်နှင့် နိုင်ငံတွင်းမွေးဖွားသူများ၏အကျိုးကာကွယ်သည့်ဝါဒတို့ မြင့်တက်လာမှုများနှင့်ရင်ဆိုင်နေရပါသည်။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးညှိနှိုင်းဆောင်ရွက်မှုရုံး၏ အပြောအရ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခများ တိုးမြင့်လာသဖြင့် "ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ စခန်းများ သို့မဟုတ် စခန်းကဲ့သို့ အခြေအနေများ" တွင် လူနှစ်သိန်းလေးသောင်းကျော် အိုးအိမ်ဆုံးရှုံးခဲ့ရပါသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် နိုင်ငံတစ်ဝန်းကောက်ခံခဲ့သည့် လူဦးရေစာရင်းမှ ဘာသာရေးအချက်အလက်များ ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအချက်အလက်များအရ လူဦးရေ ၅၁.၄ သန်းအနက် ၉၀ ရာခိုင်နှုန်းနီးပါးမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၊ ခြောက် ရာခိုင်နှုန်းကျော်မှာ ခရစ်ယာန်များ၊ လေးရာခိုင်နှုန်းကျော်မှာ မွတ်စလင်များနှင့် တစ်ရာခိုင်နှုန်းအောက်မှာ ဟိန္ဒူများ၊ နတ်ကိုးကွယ်သူများ သို့မဟုတ် အခြားယုံကြည်ကိုးကွယ်သူများ ဖြစ်ကြပါသည်။ မွတ်စလင်လူဦးရေ အံ့သြဖွယ်ကောင်းအောင် တိုးမြင့်သွားကြောင်းပြမည်ကို စိုးရိမ်သဖြင့် ယခင်အစိုးရမှ ဘာသာရေးကိန်းဂဏန်းများမှာ ထုတ်ပြန်ခဲ့ခြင်းမရှိပါ။ အမှန်အားဖြင့် ရိုဟင်ဂျာမွတ်စလင်များ၏ရပိုင်ခွင့်များကို ငြင်းဆိုရန်ကြိုးစားသူများက ၎င်းတို့၏ရက်စက်သည့်စကားလုံးများနှင့် လုပ်ဆောင်ချက်များမှာ တရားမျှတကြောင်းပြရန် နိုင်ငံ၏မွတ်စလင်လူဦးရေတိုးမြင့်လာကြောင်းမှတ်ယူချက်ကို ထောက်ပြခဲ့ပါသည်။ သို့ရာတွင် (၃.၉ ရာခိုင်နှုန်းဟုခန့်မှန်းခဲ့သည့် ၁၉၈၃ ခုနှစ် နောက်ဆုံးလူဦးရေစာရင်းအပါအဝင်) ယခင်က မွတ်စလင်လူဦးရေကို လေးရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ပြီး ၂၀၁၄ ခုနှစ်လူဦးရေစာရင်းက ထိုသို့ပြောဆိုချက်များကို လက်မခံပါ။

မြန်မာနိုင်ငံတွင် အံ့သြဖွယ်ကောင်းအောင် အပြောင်းအလဲများ အလျင်အမြန်ပေါ်ထွန်းနေသည့်ကာလတွင် အထူးသဖြင့် ရိုဟင်ဂျာမွတ်စလင်များကဲ့သို့ ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစုတို့ကို ဥပေက္ခာပြု၍ ဗုဒ္ဓဘာသာကို ပိုမိုအလေးပေးမှု ဆက်လက်ဖြစ်ပေါ်နေပါသည်။ ထိုနှစ်အတွင်း ရခိုင်ပြည်နယ်ရှိအခက်အခဲများစွာကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရမှ အဓိက အဖွဲ့အစည်းနှစ်ရပ် ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှဦးဆောင်ပြီး ဆင်းရဲနွမ်းပါးမှု ပြဿနာများကိုင်တွယ်ရေးအတွက် အစီအစဉ်များချမှတ်ရန်တာဝန်ရှိသည့် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှု ဗဟိုကော်မတီကို မေလ ၃၁ ရက်တွင် သမ္မတရုံးမှကြေညာခဲ့ပါသည်။ ဩဂုတ်လ ၂၃ ရက်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးဟောင်းကိုဖီအာနန် ဦးဆောင်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် စတင်သည့် အဖွဲ့ဝင်ကိုးဦးပါ အကြံပေးကော်မရှင်ကို နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်၏ရုံးမှ ကြေညာခဲ့ပါသည်။ ရခိုင်အမျိုးသားပါတီဝင်များနှင့်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့အပါအဝင် ရခိုင်ပြည်နယ်မှ အချို့က ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသားသုံးဦးပါဝင်သည့် ၎င်းကော်မရှင်အပေါ် ပြင်းထန်သည့်မကျေနပ်မှုကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

မဘသဟုလည်းသိကြသည့် အမျိုးဘာသာသာသာနာစောင့်ရှောက်ရေးအဖွဲ့ကဲ့သို့အဖွဲ့များမှ ဗုဒ္ဓဘာသာဝင် အမျိုးသားစိတ်ဓာတ်ပြင်းထန်သူအချို့နှင့် မြန်မာအမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူများကွန်ရက်တို့မှ ကိုဖီအာနန်၏ကော်မရှင်၊ ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းနှင့် အခြားပြဿနာများအပေါ် နိုင်ငံတစ်ဝန်းဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ပါသည်။ အချို့ ရပ်သူရပ်သားများမှ အွန်လိုင်းတွင်ရော လူကိုယ်တိုင်ပါ ၎င်းအမျိုးသားရေးဆန္ဒပြမှုများအပေါ်ဆန့်ကျင်ကြောင်း ၎င်းတို့၏ သဘောထားများကို ဖော်ထုတ်ပြသခဲ့ကြပါသည်။ (သံဃာများဦးဆောင်သည့် တရားဝင်အသင်း) နိုင်ငံတော်သံဃာ့မဟာနာယကကော်မတီမှ မဘသကို မည်သည့်အခါကမျှ အတည်ပြုခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့သာလျှင် မြန်မာတစ်နိုင်ငံလုံး၏ ဗုဒ္ဓဘာသာဝင်များအား ကိုယ်စားပြုသည့် တစ်ခုတည်းသော (ဗုဒ္ဓဘာသာသံဃာများနှင့် လူဝတ်ကြောင်များပါဝင်သည့် လူမှုအသိုင်းအဝိုင်း) သံဃာအသင်းဖြစ်ကြောင်း ၎င်း၏အနေအထားကို လူသိရှင်ကြားကြေညာလိုက်သည့်အခါ အမျိုးသားရေးစိတ်ဓာတ်အရှိန်အဟုန် လျော့နည်းသွားပုံပေါက်သော်လည်း ၎င်းလှုပ်ရှားမှုများကို မောင်းနှင်နေသည့် အခြေအမြစ်မရှိသော

အစွဲအလန်းများ၊ လက်သင့်မခံမှုများ၊ မိမိနှင့်အယူအဆမတူသူများကို လက်မခံမှုများမှ အစိုးရနှင့် လူမှုအဖွဲ့အစည်းအပေါ် လွှမ်းမိုးနေဆဲဖြစ်ပါသည်။

ထင်ရှားသည့်မွတ်စလင်ရှေ့နေတစ်ဦးဖြစ်ပြီး NLD ၏အကြံပေးသူဖြစ်သည့် ဦးကိုနီ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် ဤသို့ကွဲပြားသည့်စိတ်ဓာတ်ကို ထင်ရှားစွာတွေ့ခဲ့ရပါသည် - အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူဘုန်းကြီး ဦးဝီရသူမှ ဤလူသတ်မှုကိုချီးကျူးခဲ့ပြီး ထိုလူသတ်မှုကျူးလွန်ကြောင်း သင်္ကာမကင်းဖြစ်နေသူအား ကျေးဇူးတင်ကြောင်း ပြောခဲ့ပါသည်။ ဦးကိုနီမှာ မွတ်စလင်ဖြစ်သည်အတွက်အသတ်ခံရသည်ဟု လူအများအပြား မယုံကြည်ကြသော်လည်း ၎င်းသေဆုံးမှုကြောင့် အစိုးရအတွင်း မွတ်စလင်များ၏ပြောဆိုသံများ သိသာစွာလစ်ဟာသွားပါသည်။ အထူးသဖြင့် အမျိုးသားပါလီမန်တွင် မွတ်စလင်များအတွက်ကိုယ်စားပြုမှု မရှိသောကြောင့် ဖြစ်ပါသည်။ ထိုလူသတ်မှုကျူးလွန်ကြောင်းသင်္ကာမကင်းဖြစ်သူအား ဖမ်းဆီးရန်ကြိုးစားရင်း တက္ကစီဆရာဦးနေဝင်းသည်လည်း အသတ်ခံခဲ့ရပါသည်။ အစီရင်ခံကာလအဆုံးတွင် အာဏာပိုင်များမှ ရာဇဝတ်မှုကျူးလွန်ခဲ့ကြောင်း သင်္ကာမကင်းဖြစ်သူသုံးဦးအား ဖမ်းဆီးခဲ့ပြီး အခြားသူများအား ရှာဖွေနေပါသည်။

၂၀၁၆ ခုနှစ် USCIRF ဝန်ထမ်းများသည် ဩဂုတ်လတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုအတွက် နိုင်ငံတကာပါလီမန်အမတ်များအဖွဲ့နှင့်အတူ မြန်မာနိုင်ငံသို့အလည်အပတ်သွားခဲ့ပြီး ဘာသာရေးကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များထံ ရန်ကုန်နှင့်နေပြည်တော်တို့တွင် သွားရောက်ခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘာသာရေးလွတ်လပ်မှု အခြေအနေများ

***ရိုဟင်ဂျာနှင့်အခြားမွတ်စလင်များအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်း -*** ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုလှိုင်းများကြောင့် ရာပေါင်းများစွာသတ်ဖြတ်ခံရခြင်း၊ ထောင်ပေါင်းများစွာ အိုးအိမ်ဆုံးရှုံးရခြင်းနှင့် ဘာသာရေးပစ္စည်းရာပေါင်းများစွာ ဖျက်ဆီးခံရခြင်းတို့ ဖြစ်ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ရိုဟင်ဂျာမွတ်စလင်များ အပြင်းထန်ဆုံးနှိမ်နင်းခံခဲ့ရပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရိုဟင်ဂျာမွတ်စလင်များဟုယူဆရသည့် သောင်းကျန်းသူအုပ်စုကြီးတစ်စုမှ နယ်ခြားစောင့်တပ်နှင့် အခြားဥပဒေစောင့်ကြပ်ရေးအဆောက်အဦများကို ပစ်မှတ်ထား၍ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ်တစ်ဝိုက်တွင် ဆက်တိုက် တိုက်ခိုက်ခဲ့ပြီး ရဲအရာရှိကိုးဦးသေဆုံးခဲ့ပါသည်။ ဤသည်ကို တုံ့ပြန်သည့်အနေဖြင့် မြန်မာ့တပ်မတော်နှင့် ဥပဒေကြိုးကြပ်ရေးတို့မှ ရှင်းလင်းမှုစစ်ဆင်ရေးတစ်ရပ် အနှံ့အပြားဆင်နွှဲခဲ့ပြီး ထိုစစ်ဆင်ရေးမှ လူသားချင်းစာနာမှုအထောက်အပံ့ ဖြတ်တောက်ခဲ့ကာ သီးခြားမီဒီယာများ၏သွားရောက်နိုင်မှုကို ကန့်သတ်ခဲ့ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး (OHCHR) ၏ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် အစောပိုင်း၌ ခန့်မှန်းခြေရိုဟင်ဂျာ ခြောက်သောင်း ခြောက်ထောင်ခန့်သည် ဘင်္ဂလားဒေ့ရှ်သို့ထွက်ပြေးခဲ့ကြပါသည်။ ၎င်းအစီရင်ခံစာထုတ်ပြန်ပြီးနောက် ၎င်းဦးရေမှာ ခုနစ်သောင်းကျော်ရှိကြောင်း သတင်းရရှိပါသည်။ (ရခိုင်တိုင်းရင်းသားအချို့အပါအဝင် ထောင်ပေါင်းများစွာသည်လည်း ပြည်တွင်းအိုးအိမ်မဲ့ဖြစ်ခဲ့ရပါသည်။) အစီရင်ခံစာအတွက် OHCHR မှ တွေ့ဆုံမေးမြန်းခဲ့သော ဒုက္ခခံရသူရိုဟင်ဂျာများနှင့် မျက်မြင်သက်သေများက ဥပဒေမဲ့သတ်ဖြတ်ခြင်းများ၊ သေနတ်ဖြင့်ပစ်ခြင်း၊ ဓါးဖြင့်ထိုးခြင်း၊ မီးရှို့ခြင်း၊ ရိုက်နှက်ခြင်းတို့ကြောင့် သေဆုံးမှုများ၊ ကလေးများအားသတ်ဖြတ်ခြင်း၊ တိတ်တဆိတ်ဖမ်းဆီးပြီး သို့မဟုတ် အကျဉ်းထောင်ချပြီးနောက် ပျောက်ဆုံးသွားခြင်း၊ မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းမှု လုယက်မှုနှင့် မီးရှို့ခြင်းအပါအဝင် အိုးအိမ်နှင့်ပိုင်ဆိုင်မှု ဖျက်ဆီးခြင်းနှင့် လွတ်လပ်စွာကိုးကွယ်ခွင့်အပေါ် ပိုမိုကန့်သတ်ချက်များကို ပြောပြကြပါသည်။ လူအများအပြားပေါ် ရာဇဝတ်မှုကျူးလွန်ခြင်းများ ပေါ်ပေါက်ခဲ့နိုင်ကြောင်း အစီရင်ခံစာမှသုံးသပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း တပ်မတော်နှင့်လုံခြုံရေးတပ်သားများ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုနှင့် ပိုမိုကျယ်ပြန့်စွာပြောရလျှင် ရိုဟင်ဂျာမွတ်စလင်များအပေါ် ခွဲခြားဆက်ဆံမှုနှင့် ရက်စက်စွာဆက်ဆံမှုတို့ကိုပါ NLD မှ တုံ့ပြန်ရန်ပျက်ကွက်ခဲ့ပါသည်။ အစိုးရမှအပြန်အလှန်အလျှော့ပေးရန်ကြိုးပမ်းခဲ့ရာမှ တင်းမာမှုများပိုမိုဖြစ်ပွားစေသည့် အဖြစ်အပျက်တစ်ရပ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်မီဒီယာများကို "ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များ" ဟူသောအခေါ်အဝေါ်နှင့် "ရိုဟင်ဂျာ" သို့မဟုတ် "ဘင်္ဂါလီ" အစား "ရခိုင်ပြည်နယ်ရှိ မွတ်စလင်များ"ဟူသည့် အခေါ်အဝေါ်သုံးရန် ဇွန်လ ၁၉ ရက်တွင် ညွှန်ကြားခဲ့ပါသည်။ ကွဲပြားသည့်အကြောင်းရင်းများကြောင့် ရခိုင်ပြည်နယ် တစ်ဝန်းဆန့်ကျင်ဆန္ဒပြခဲ့သည့် ရခိုင်ဗုဒ္ဓဘာသာဝင်များအပါအဝင် ရိုဟင်ဂျာတိုင်းရင်းသားများနှင့် ရခိုင်တိုင်းရင်းသားများပါ ထောင်ပေါင်းများစွာ ပြင်းထန်စွာကန့်ကွက်ခဲ့ပါသည်။ ထို့အပြင် အထက်ပါ နောက်ခံသမိုင်းအပိုင်းတွင် ဖော်ပြခဲ့သည့် အတိုင်း ကိုဖီအာနန်ကော်မရှင်တွင် နိုင်ငံခြားသားများပါဝင်စေသည့် အစိုးရ၏ဆုံးဖြတ်ချက်ကို ဗုဒ္ဓဘာသာသံဃာတော်များ အပါအဝင် ရခိုင်တိုင်းရင်းသားရာပေါင်းများစွာမှ ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရမ်းကား၍ အချိုးအစားမညီမျှသော ရှင်းလင်းမှုစစ်ဆင်ရေးနောက်ပိုင်း အစိုးရသည် များသောအားဖြင့် နှုတ်ဆိတ်နေခဲ့ပါသည်။ NLD အစိုးရသည် ၎င်းအကြမ်းဖက်မှုအပေါ် ဆန့်ကျင်ကြောင်းထုတ်မပြောသည်မက တပ်မတော်မှ ညှဉ်းပန်းနှိပ်စက်သည် ဟူသော သတင်းများကို ငြင်းပယ်ကာ နိုင်ငံတကာအသိုင်းအဝိုင်း၏စိုးရိမ်မှုများကို ခါးခါးသီးသီး ငြင်းပယ်ခဲ့ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အောက်တိုဘာလ ၉ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သောအဖြစ်အပျက်ကို စစ်ဆေးရန် စုံစမ်း စစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို အစိုးရမှဖွဲ့စည်းခဲ့ပါသည်။ သို့ရာတွင် တပ်မတော်မှခန့်အပ်ထားသည့် ဒုသမ္မတ ဦးမြင့်ဆွေအား ၎င်းကော်မရှင်ကို ဦးဆောင်ရန်ရွေးချယ်မှုကြောင့် လူ့အခွင့်အရေးထောက်ခံပြောဆိုသူများအကြား စိုးရိမ်မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်၏ရုံးမှထုတ်ပြန်ချက်တွင် ၎င်း၏ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခဲ့ခြင်းအကြောင်းအစီရင်ခံချက်၌ တပ်မတော်ဝန်ထမ်းမှမုဒိမ်းကျင့်ကြောင်း စွပ်စွဲချက်ကိုငြင်းဆိုခဲ့ပြီး လူနေမှုအခြေအနေများကို များသောအားဖြင့်အကောင်းပြောဆိုထားကာ ၎င်းအချက်မှာ ရခိုင်ပြည်နယ်ရှိ အခြေအနေအကြောင်း အခြားသူများ၏ပြောဆိုချက်များနှင့်မကိုက်ညီပါ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ကြားဖြတ်အစီရင်ခံစာတွင် ၎င်းကော်မရှင်သည် လူမျိုးစုလိုက်သတ်ဖြတ်မှုအထောက်အထား လုံးဝမတွေ့ရှိခဲ့ဘဲ မုဒိမ်းကျင့် ကြောင်း စွပ်စွဲချက်အများအပြားကို ပံ့ပိုးသည့်အထောက်အထား အလုံအလောက်လည်း မတွေ့ခဲ့ပါ။ ထို့အပြင် ရဲအရာရှိ အချို့မှ ရိုဟင်ဂျာမွတ်စလင်များကို ရိုက်နှက်နေသည့်ဗီဒီယိုထွက်ပေါ်လာပြီးနောက် အစောပိုင်းရက်လေးတင်က ရဲအရာရှိအချို့ကို အာဏာပိုင်များ ထိန်းသိမ်းခဲ့သော်လည်း လုံခြုံရေးတပ်သားများလက်တွင် အရပ်သားများသေဆုံးမှု အကြောင်း ဖော်ပြရန်ပျက်ကွက်ခဲ့ပါသည်။ (ရိုဟင်ဂျာမွတ်စလင်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း အချက် အလက်ထပ်မံရရှိရန် www.uscirf.gov ရှိ (*အချိန်ဆိုင်းငံ့နေခြင်း - မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူစလင်များအပေါ် ဆက်လက် ညှဉ်းပန်းနေမှု*) *Suspended in Time: The Ongoing Persecution of Rohingya Muslims in Burma* ကို ဖတ်ပါ။)

ရိုဟင်ဂျာမွတ်စလင်များအပေါ်ညှဉ်းပန်းနှိပ်စက်မှုမှာ အကြမ်းဖက်မှုထက်ကျော်လွန်ပါသည်။ ဥပမာ ၂၀၁၆ ခုနှစ် စက်တင် ဘာလတွင် နိုင်ငံတော် သို့မဟုတ် ဒေသခံခွင့်ပြုချက်မရှိဘဲဆောက်လုပ်ခဲ့သည့် သာသနာအဆောက်အဦများကို ဖြိုဖျက် ရန် အစိုးရအမိန့်ဖြင့် နိုင်ငံတစ်ဝန်းဆောင်ရွက်ချက်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ရခိုင်ပြည်နယ်အာဏာပိုင်များသည် ဗလီအများအပြားနှင့် မဒရစာများ (မွတ်စလင်ကျောင်းများ) ကို ဖြိုဖျက်ရန်အစီအစဉ် ကြေညာခဲ့ပါသည်။ ၎င်းဖြိုဖျက်ရန် အမိန့်မှာ အစိုးရခွင့်ပြုချက်မရှိသောစေတီများကဲ့သို့ ဗုဒ္ဓဘာသာအဆောက်အဦများနှင့်လည်း သက်ဆိုင်ပါသည်။ သို့ရာတွင် ဘာသာရေးလူနည်းစုများသည် သာမန်အားဖြင့် ဝတ်ပြုကျောင်းများ ပြုပြင်ရေး သို့မဟုတ် တည်ဆောက်ရေး အတွက် အစိုးရခွင့်ပြုချက်အဆင့်ဆင့်ရယူရန် ပိုမိုခက်ခဲလေ့ရှိပါသည်။ ထို့ကြောင့် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်လေ့ ရှိသောကြောင့် ဖြိုဖျက်ရန်အမိန့်သက်ရောက်မှုရှိရန် အလားအလာပိုများပါသည်။

အစိုးရ၊ အစိုးရမဟုတ်သူများနှင့် အဖွဲ့အစည်းများသည် ရိုဟင်ဂျာတိုင်းရင်းမဟုတ်သူ မွတ်စလင်များအပေါ် လည်း ခွဲခြား ဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်းများလည်း ကျူးလွန်ကြပါသည်။ ၂၀၁၆ ခုနှစ် ဇွန်လတွင် ခန့်မှန်းခြေ ၂၀၀ ခန့်ရှိသည့် ဆူပူ သောင်းကျန်းသူ ဗုဒ္ဓဘာသာလူအုပ်ကြီးသည် ပဲခူးတိုင်းဒေသကြီးရှိဗလီတစ်ခု၏ တစ်စိတ်တစ်ဒေသနှင့် အနီးအနားရှိ အိုးအိမ်ပိုင်ဆိုင်မှုတို့ကို ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် ဇူလိုင်လ ၁ ရက်နေ့တွင် နောက်လူအုပ်ကြီးတစ်စုက ကချင်ပြည်နယ် ဖားကန့်ရှိ ဗလီတစ်ခုကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ရဲမှ ၎င်းမီးရှို့မှုနှင့်ဆက်စပ်၍ လူငါးဦးဖမ်းဆီးခဲ့ပါသည်။ ၎င်းအဖြစ်အပျက်နှစ်ရပ်လုံးတွင် မိမိတို့၏လုံခြုံရေးအတွက်စိုးရိမ်နေကြသောမွတ်စလင်များ ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ ၎င်းအကြမ်းဖက်မှုကြောင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်း ၁၉ ခုမှ မြန်မာအစိုးရအား စုံစမ်းစစ်ဆေးရန်၊ ကျူးလွန်သူများကို တာဝန်ယူစေရန်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှု ရှိကြောင်းသေချာရေး ဆောင်ရွက်ရန် တောင်းဆိုသည့် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။

***ခရစ်ယာန်လူနည်းစုများအပေါ် ပစ်မှတ်ထားသည့်ညှဉ်းပန်းနှိပ်စက်မှုများ -*** ပစ်ပယ်ထားခံနေရသော ချင်းခရစ်ယာန်၊ နာဂနှင့် ကချင်ခရစ်ယာန်များ၏ လွတ်လပ်စွာကိုးကွယ်ခွင့်အပေါ် ချိုးဖောက်မှုများကို ဖော်ပြထားသည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အစီရင်ခံစာတွင် USCIRF နှင့်သဘောတူစာချုပ်ချုပ်ဆိုထားသည့် သုတေသီတစ်ဦးမှ ခရစ်ယာန်များ၏ မြေယာပိုင်ဆိုင်မှု အပေါ် ခွဲခြားဆက်ဆံသည့်သဘောဖြင့် ကန့်သတ်မှုများ၊ ကြောက်လန့်စေမှုများနှင့် အကြမ်းဖက်မှုများ၊ ခရစ်ယာန် သင်္ချိုင်းများကို အတင်းအကျပ်ရွှေ့ပြောင်းစေခြင်းနှင့် ဖျက်ဆီးခြင်း၊ ဝတ်ပြုရာနေရာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဗုဒ္ဓဘာသာသို့ အတင်းအကျပ်ကူးပြောင်းစေမှုများကို မှတ်တမ်းတင်ထားပါသည်။ ဥပမာ ၎င်းအစီရင်ခံစာတွင် ၂၀၁၆ ခုနှစ် ဗုဒ္ဓဘာသာအမျိုးသားတစ်ဦး ချင်းနှစ်ခြင်းအသင်းချုပ်မှ ခရစ်ယာန်သာသနာပြုတစ်ဦး၏အိမ်သို့ ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ကာ ပိုင်ဆိုင်မှုများကို ဖျက်ဆီးခဲ့သည့်အဖြစ်အပျက်ကို ကိုးကားထားပါသည်။ ထိုအဖြစ်အပျက်မှာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိရွာတစ်ရွာမှ သာသနာပြုတစ်ဦးအား ၉၆၉ အမျိုးသားရေး လှုပ်ရှားမှု၏ အစွန်းရောက်သံဃာများမှ အတင်းအကျပ် မောင်းနှင်ထုတ်ရန်ကြိုးပမ်းပြီးနောက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသုတေသီသည် မြန်မာ့တပ်မတော်မှ ဘုရားကျောင်းများနှင့် လူနေအိမ်များကို သိမ်းပိုက်သည့်အကြောင်းပြောပြသော အခြားသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဇွန်လ ၉ ရက်နေ့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပြိုပျက်သွားပြီးနောက် တပ်မတော်နှင့် ခရစ်ယာန်အများစုဖြစ်သည့်ကချင်ပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအကြား တိုက်ပွဲများပြန်လည်ဖြစ်ပေါ်မှု၏ ငါးနှစ်မြောက်နှစ်ပတ်လည်ဖြစ်ပါသည်။ ငါးနှစ်ကြာသော် လူတစ်သိန်း နီးပါးသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စခန်းများတွင် ပြည်တွင်းအိုးအိမ်မဲ့ ဖြစ်နေပါသည်။ ၎င်းနေရာများတွင် တပ်မတော်နှင့် တိုက်ပွဲများလည်း ထပ်မံဖြစ်ပေါ် နေပါသည်။ ကာလကြာရှည်စွာပေါ် ပေါက်နေသည့် ပဋိပက္ခများသည် ဘာသာရေးသဘောသဘာဝ မရှိသော်လည်း ခရစ်ယာန်နှင့် အခြားဘာသာကိုးကွယ်သည့် အသိုင်းအဝိုင်းများအပေါ် ကြီးလေးသည့်သက်ရောက်မှုများရှိခဲ့ပြီး ၎င်းသက်ရောက်မှုများတွင် နေထိုင်စားသောက်စရာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားအခြေခံလိုအပ်ချက်များအပေါ် ကန့်သတ်ချက်များ ပါဝင်ပါသည်။ ကချင်နှစ်ခြင်း အသင်းချုပ်ကဲ့သို့ ဘာသာရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများသည် အိုးအိမ်ပျောက်ဆုံးသူများကို ဆက်လက်ကူညီနေပါသည်။

၂၀၁၆ ခုနှစ် ဧပြီလနှင့်မေလတို့တွင် ဗုဒ္ဓဘာသာသံဃာ ဦးသုဇနသည် ကရင်ပြည်နယ် ရှင်မာကု အင်္ဂလိကန် ဘုရားကျောင်းဝင်းအတွင်း စေတီနှစ်ဆူ တည်ခဲ့ပါသည်။ ၎င်းသံဃာသည် ဘုရားကျောင်းများနှင့် ဗလီဝင်းများတွင် စေတီနှင့် အခြားဗုဒ္ဓဘာသာအဆောက်အဦများ ဆောက်လုပ်ကြောင်း လူသိများပါသည်။ ၎င်း၏ဆောင်ရွက်ချက်များကြောင့် အကြမ်းဖက်မှုများ မပေါ်ပေါက်သေးပါ။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အဆင့်အစိုးရတို့က ကြားဝင်ဖျန်ဖြေခဲ့ သော်လည်း ၎င်းနေရာများ၌ ဗုဒ္ဓဘာသာအဆောက်အဦများ ဆောက်လုပ်နေချိန်တွင် တင်းမာမှုများ မြင့်မားခဲ့ပါသည်။

တပ်မတော်မှဖွင့်လှစ်သည့် နတလဟုလည်းသိကြသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများတွင် အတင်းအကျပ်ဘာသာကူးပြောင်းစေရေး လှုပ်ရှားမှုအများအပြား ဆက်လက်ပေါ်ပေါက်နေပါသည်။ (တပ်မတော်မှကိုင်တွယ်သည့်) နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ကိန်းဂဏန်းများအရ နိုင်ငံတစ်ဝန်းတွင် နတလကျောင်း ၃၃ ကျောင်းရှိပြီး ထက်ဝက်ကျော်မှာ ဆင်းရဲသည့် ချင်း၊ ကချင်နှင့်နာဂ ကျေးလက်ဒေသများတွင် ရှိပါသည်။ ထိုနတလကျောင်းများသည် ပညာသင်ယူနိုင်ခြင်းမရှိသော ဆင်းရဲသည့်မိသားစုများမှ ကလေးများကို အခမဲ့ပညာနှင့်နေထိုင်စရာ ပေးပါသည်။ သို့ရာတွင် ထိုသို့အခမဲ့ပေးမှုများကို လက်ခံသည့် ခရစ်ယာန်ကျောင်းသူကျောင်းသားများမှာ ဘုရားကျောင်းတက်ခွင့်မရှိပါ။ ဗုဒ္ဓဘာသာကိုးကွယ်မှု၊ စာပေနှင့် ယဉ်ကျေးမှုများကို ကျင့်သုံးခြင်း သို့မဟုတ် သင်ယူခြင်းများပြုလုပ်ပြီး ကိုရင်ဝတ်ရပါသည်။ သို့မဟုတ် သီလရင် ဝတ်ရပါသည်။ ကျောင်းသူကျောင်းသားများကို မိဘများနှင့် အဆက်ဖြတ်ထားပြီး ၎င်းတို့၏မှတ်ပုံတင်တွင်အပါအဝင် ဗုဒ္ဓဘာသာသို့ တရားဝင်ကူးပြောင်းပါက ကျောင်းပြီးဆုံးသည့်အခါ အစိုးရအလုပ်ရရန် အာမခံထားပါသည်။ (ခရစ်ယာန်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုအကြောင်း အချက်အလက်များထပ်မံရယူလိုပါက [www.uscirf.gov](http://www.uscirf.gov) ရှိ (*ဖုံးကွယ်ထားသည့်အတိဒုက္ခ - မြန်မာနိုင်ငံရှိ ခရစ်ယာန်လူနည်းစုများ*) *Hidden Plight: Christian Minorities in Burma* ကိုဖတ်ပါ။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မိုင်းကိုးရှိ စိန့်ဖရန်စစ္စဖေးဗီးယား ကက်သလစ်ဘုရားကျောင်းကို လေကြောင်းမှ တိုက်ခိုက်ပြီးနောက်တွင် ကချင်နှစ်ခြင်းခရစ်ယာန်ခေါင်းဆောင်နှစ်ဦး ဒွန်းဒေါ်နောင်လတ်နှင့် လန်ဂျောဂန်စိုင်းတို့ ဒေသခံသတင်းစာသမားများကို အကူအညီပေးပြီးနောက် ရှမ်းပြည်မြောက်ပိုင်းတွင် ပျောက်သွားကြပါသည်။ အပတ်ပေါင်းများစွာကြာပြီးနောက် ၎င်းအမျိုးသားနှစ်ဦးကိုထိန်းသိမ်းထားကြောင်းတပ်မတော်မှ အတည်ပြုပြောကြားခဲ့ပြီး ၂၀၁၇ ခုနှစ်ဇန်နဝါရီလတွင် ၎င်းတို့အား ကချင်လွတ်မြောက်ရေးတပ်မတော်ကို ပံ့ပိုးသူများဟု ရဲများမှ စွပ်စွဲပြီး မတရားသင်းအက်ဥပဒေအရ တရားစွဲဆိုခဲ့ပါသည်။

***ဖမ်းဆီးမှုများနှင့် အကျဉ်းချမှုများ -*** ထွက်သွားသည့် USDP အစိုးရနှင့် ဝင်ရောက်လာသော NLD အစိုးရတို့မှ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ပြီး NLD အစိုးရသည် တရားဆိုင်ရန်စောင့်နေသူများအပေါ် စွဲဆိုချက်များကိုလည်း ရုပ်သိမ်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီမှစ၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၉၂ ဦးရှိကြောင်း တွက်ချက်ခဲ့ပြီး ၎င်းတို့တွင် လောလောဆယ် ပြစ်ဒဏ်ကျခံနေသူများနှင့် ထောင်တွင်းထောင်ပြင်တွင် တရားဆိုင်ရန် စောင့်ဆိုင်းနေသူများလည်း ပါဝင်ပါသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘာသာပေါင်းစုံလှုပ်ရှားသူများဖြစ်ပြီး မွတ်စလင်များဖြစ်သူ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့မှာ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ၎င်းတို့၏ဘာသာပေါင်းစုံလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ထောင်ဒဏ်နှစ်နှစ် စီရင်ချက်ချမှတ်ခံရပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် ၎င်းတို့နှစ်ဦး အလုပ်ကြမ်းနှင့် ထောင်ဒဏ် နောက်ထပ်နှစ်နှစ်စီရင်ချက်ချမှတ်ခံရပါသည်။ မဘသမှ အမျိုးသားရေးလှုပ်ရှားသူဗုဒ္ဓသံဃာများသည် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးအရေးယူရန်ဖိအားပေးခဲ့ခြင်းဖြစ်ပါသည်။

သတင်းကောင်းအနေဖြင့် ဆယ်စုနှစ်ပေါင်းများစွာ တပ်မတော်အစိုးရမှ မြန်မာနိုင်ငံမှအတိုက်အခံများကို ဖမ်းဆီးထောင်ချရေးအတွက်အားထားခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သောစီမံချက်ဖြစ်သည့် အရေးပေါ်ပြဋ္ဌာန်းချက်အက်ဥပဒေကို ၂၀၁၆ အောက်တိုဘာတွင် ဖျက်သိမ်းခဲ့ပါသည်။ သို့ရာတွင် ထိုဥပဒေအရအကျဉ်းချခံရသော အထက်ပါဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်အပါအဝင် မွတ်စလင်အချို့မှာ ထောင်တွင် ဆက်လက်ဒုက္ခခံနေရပါသည်။ ၎င်းအပြင် ၂၀၁၆ ခုနှစ် ဧပြီလတွင် နိုင်ငံတော်သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သဖြင့် သာသနာစော်ကားမှုဖြင့် ၂၀၁၅ ခုနှစ် ဇွန်လတွင် အပြစ်ထင်ရှားတွေ့ရှိခဲ့သူ NLD အရာရှိဟောင်း ဦးထင်လင်းဦးသည်လည်း လွတ်မြောက်ခဲ့ပါသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် အာဏာပိုင်များမှ လူသိများသည့်ရွှေဝါရောင်တော်လှန်ရေးခေါင်းဆောင် သံဃာဟောင်း ဦးဂမ်ဘီရအပေါ်

ကျန်ရှိသည့်စွဲဆိုချက်အားလုံး ရုပ်သိမ်းပြီး လွှတ်ပေးခဲ့ပါသည်။ ရွှေဝါရောင်တော်လှန်ရေးကာလ ၎င်း၏လှုပ်ရှားမှုအတွက် အကျဉ်းကျခံပြီးသူ ဦးဂမ်ဘီရသည် ထိုသို့မလွှတ်ပေးမီတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့သည့်အတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စွဲဆိုချက်များဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထိန်းသိမ်းခံရပြီးနောက် နောက်ထပ်စွဲဆိုမှုများခံရရန် အလားအလာရှိခဲ့ပါသည်။

**အမေရိကန်ပြည်ထောင်စု မူဝါဒ**

လွတ်လပ်စွာယုံကြည်ကိုးကွယ်မှု၊ ၎င်းနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးစသည်တို့ကို ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်ထည့်သွင်းရန်တာဝန်ကို မြန်မာနိုင်ငံအပေါ် အမေရိကန် ပြည်ထောင်စုမှ တွန်းအားပေးရပါမည်။ ရိုဟင်ဂျာနှင့် အခြားမွတ်စလင်များ၊ ခရစ်ယာန်များနှင့် အခြားသော ဘာသာရေးနှင့် တိုင်းရင်းသားအုပ်စုများ၏ ရပိုင်ခွင့်များအတွက် ဆက်လက်ဖိအားပေးရပါမည်။ ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေပြီး လက်သင့်ခံနေခြင်းမှာ အကျိုးဆက်မရှိဘဲမနေကြောင်း မြန်မာနိုင်ငံအစိုးရအား ရှင်းရှင်းလင်းလင်းနားလည်စေရပါမည်။

ရိုဟင်ဂျာမွတ်စလင်များအပေါ် ကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံနှင့် ယခုနှစ်အတွင်း ဆက်လက်ပူးပေါင်းကိုင်တွယ်နေပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ *(ရက်စက်ယုတ်မာမှုများ ကြိုတင်ကာကွယ်ရေး အစီရင်ခံစာ)* [Atrocities Prevention Report] ကို ထုတ်ပြန်ခဲ့ပြီး ၎င်းအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့်ပတ်သက်၍ အစိုးရ၏ခွဲခြားဆက်ဆံမှုများ အနှံ့အပြားပေါ်ပေါက်နေကြောင်းနှင့် အကြမ်းဖက်မှုများကျူးလွန်ရာတွင် အစိုးရမဟုတ်သူများ၏ အခန်းကဏ္ဍတို့ကို အလေးထား ဖော်ပြထားပါသည်။ လူနှစ်ဆယ်ကျော်သေဆုံးခဲ့သည့် လှေမတော်တဆမှုဖြစ်ပြီးနောက်ထုတ်ပြန်သည့် ဝမ်းနည်းကြောင်းသဝဏ်လွှာတွင် ရန်ကုန်မြို့ရှိအမေရိကန်သံရုံးမှ "ရိုဟင်ဂျာ" ဟူသောအသုံးအနှုန်းကို သုံးပြီးနောက်ပိုင်း ဧပြီလ ၂၈ ရက်တွင် ဗုဒ္ဓဘာသာသံဃာများနှင့် မဘသ ထောက်ခံသူများအပါအဝင် ရာပေါင်းများစွာသော အမျိုးသားစိတ်ဓာတ်ပြင်းထန်သည့် ဆန္ဒပြသူများသည် ကန့်ကွက်ရန် သံရုံးရှေ့တွင် စောင့်ကြည့်နေခဲ့ကြပါသည်။ မေလတွင် အမေရိကန်ပြည်ထောင်စုအစိုးရမှ ၎င်းအသုံးအနှုန်းကို သုံးပြုသည့်အတွက် မန္တလေးရှိ နောက်ထပ် ရာပေါင်းများစွာသောသူများ ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ အမေရိကန်သံရုံးအား ၎င်းအသုံးအနှုန်းကို ရှောင်ရှားစေလိုကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူသိရှင်ကြားပြောခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ သင့်တော်သည့်အတိုင်း ဆက်လက်အသုံးပြုခဲ့ပါသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်သို့သွားရောက် လည်ပတ်ခဲ့သည့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့တွင် အမေရိကန်သံအမတ် စကော့မာရှယ်သည်လည်း ပါဝင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အသည်းအသန်လိုအပ်နေသည့် လူသားချင်းစာနာမှုအထောက်အပံ့များ ကင်းမဲ့နေမှုအပေါ် စိုးရိမ်ကြောင်း ဖော်ပြခဲ့ပြီး မြန်မာအစိုးရမှ အထောက်အပံ့ပေးပို့ခြင်းကို အပြည့်အဝပြန်လည်စတင်ရန် မြန်မာအစိုးရကို တိုက်တွန်းကြောင်း ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို အမေရိကန်သံရုံးသည် အခြားသံရုံး ၁၃ ခုနှင့်အတူ ဒီဇင်ဘာလ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရပိုင်ဘဏ်များနှင့်စီးပွားရေးလုပ်ငန်းခုနစ်ခုအပေါ် တားမြစ်ချက်များကိုဖယ်ရှားခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ပင်ချက်တစိတ်တစ်ဒေသ လျှော့ပေါ့ပေးမည်ဖြစ်ကြောင်း မေလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ကြေညာခဲ့ပါသည်။ ဇူလိုင်လနှောင်းပိုင်းတွင် အဓိကအားဖြင့် စီးပွားရေးစီမံခန့်ခွဲမှုအတွက် မြန်မာနိုင်ငံအပေါ် ထောက်ပံ့မှုအသစ် ဒေါ်လာ ၂၁ သန်းကို ကြေညာခဲ့ပါသည်။ စက်တင်ဘာလ ၁၄ ရက်နေ့ နိုင်ငံတော် အကြံပေးပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝါရှင်တန်ဒီစီသို့ အလည်အပတ်ရောက်စဉ် ထိုစဉ်က နိုင်ငံတော်သမ္မတ ဘရတ်

အိုဘားမားမှ အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအား နိုင်ငံတော်အရေးပေါ်အခြေအနေသတ်မှတ်ချက်မှ ဖယ်ရှားရန်၊ စီးပွားရေးပိတ်ပင်မှုများကို ဖယ်ရှားရေးလမ်းဖောက်ပေးရန်နှင့် အထွေထွေဦးစားပေးစနစ် (Generalized System of Preferences) အရ အကောက်ခွန်မဲ့ ကုန်သွယ်ရေးအကျိုးခံစားခွင့်များ ပြန်လည်ပေးရန် ကြေညာခဲ့ပါသည်။ ကျောက်စိမ်းနှင့် ပတ္တမြားများတင်သွင်းမှုအပေါ် ပိတ်ပင်တားဆီးမှုကိုပယ်ဖျက်ပြီး ဘဏ္ဍာရေးဌာန၏ "အထူးသတ်မှတ်ထားသည့် နိုင်ငံသားများ" စာရင်းမှ လူပုဂ္ဂိုလ် ၁၁၁ ဦးနှင့် ကုမ္ပဏီများကို ပယ်ဖျက်လိုက်ပြီးနောက်တွင်လည်း ကန့်သတ်မှုအချို့သာကျန်ပြီး ၎င်းကန့်သတ်မှုများတွင် မြောက်ကိုးရီးယားနှင့် ကုန်သွယ်မှု၊ တပ်မတော်အထောက်အပံ့၊ တပ်မတော်အဖွဲ့ဝင်ဟောင်းနှင့် လက်ရှိတပ်မတော်အဖွဲ့ဝင် အချို့တို့အပေါ် ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှုများ ပါဝင်ပါသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် အလည်အပတ်လာရောက်စဉ် အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ကြေညာခဲ့ပါသည်။ ၎င်းပူးပေါင်းဆောင်ရွက်ရေးတွင် တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ လူကုန်ကူးမှု၊ အကျင့်ပျက်ခြစားမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်မှု၊ ကမ္ဘာ့တစ်ဝန်း ကျန်းမာရေးလုံခြုံမှုနှင့် အခြားအရာများ ပါဝင်ပါသည်။ အောက်တိုဘာလ ၇ ရက်တွင် ထိုစဉ်ကသမ္မတဖြစ်သူ ဘရတ်အိုဘားမားမှ အလုပ်အမှုဆောင်အဖွဲ့သို့ အမိန့်တစ်ခုထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံကို နိုင်ငံတကာ အရေးပေါ်စီးပွားရေးအင်အားကြီးနိုင်ငံများ အက်ဥပဒေအရ နိုင်ငံတော်အရေးပေါ်အခြေအနေသတ်မှတ်ချက်မှ ဖယ်ရှားခဲ့ပါသည်။ အမေရိကန် စီးပွားရေးလုပ်ငန်းများမှ ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် ထောက်ခံပြောဆိုချိန်တွင် မြန်မာနိုင်ငံတွင် ကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ပေါ်ပေါက်နေသောကြောင့် မြန်မာနိုင်ငံ ပြည်တွင်းပြည်ပရှိ လူ့အခွင့်အရေးထောက်ခံပြောဆိုသူများမှ မြန်မာနိုင်ငံအစိုးရအပေါ် ဩဇာသက်ရောက်မှု၏အရေးပါသောအချက်များကို ဖျက်သိမ်းခြင်းအတွက် အမေရိကန်ပြည်ထောင်စုအား ဝေဖန်ပြောဆိုခဲ့ကြပါသည်။

နောက်ဆုံးအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ထိုစဉ်ကသမ္မတဖြစ်သူ ဘရတ်အိုဘားမားသည် ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် (နိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင်များအက်ဥပဒေ) Department of State Authorities Act (P.L. 114-323) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းအက်ဥပဒေအရ နိုင်ငံခြားရေးဝန်ကြီးမှ အထက်လွှတ်တော်ကို "ရိုဟင်ဂျာလူမျိုးများ အပါအဝင် တိုင်းရင်းသားလူနည်းစုများ၊ လူနည်းစုလူမျိုးများ၊ သို့မဟုတ် ဘာသာရေးလူနည်းစုများအပေါ် ရာဇဝတ်မှု ဖြစ်နိုင်သည့် ချိုးဖောက်မှုများအပါအဝင် ပြည်သူ့ရပိုင်ခွင့်များနှင့် နိုင်ငံရေးရပိုင်ခွင့်များကို အနံ့အပြား ချိုးဖောက်နေမှု သို့မဟုတ် စနစ်တကျ ချိုးဖောက်နေမှုအကြောင်း သိသမျှအားလုံး" ကို အစီရင်ခံစာတစ်စောင် တင်သွင်းရန် သတ်မှတ်ထားပါသည်။ အထူးစိုးရိမ်ဖွယ်ရာနိုင်ငံ CPC ဟူသောသတ်မှတ်ချက်နှင့်အညီ မြန်မာနိုင်ငံအပေါ် နိုင်ငံတော်သမ္မတ၏ဆောင်ရွက်ချက်တစ်ရပ်အဖြစ် အမေရိကန်ပြည်ထောင်စုမှ လက်နက်ပိတ်ပင်မှုကို ချမှတ်ခဲ့ပါသည်။ ထို့အပြင် စီးပွားရေးပိတ်ပင်မှုများကို ဖယ်ရှားခြင်းသည်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအာဏာပိုင်များ အက်ဥပဒေသည်လည်းကောင်း ထိုလက်ရှိ လက်နက်ပိတ်ပင်မှုအပေါ်သို့ သက်ရောက်ခြင်းမရှိပါ။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနှင့် အောက်တိုဘာလတို့တွင် မြန်မာနိုင်ငံကို CPC အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသစ်တစ်ဖန်ပြန်လည်သတ်မှတ်လိုက်ပါသည်။